သို့

သက်ဆိုင်ရာ

အကြောင်းအရာ။ ။ MYANMAR LABOUR NEW PAGE မှ 10.7.2023 ဖော်ပြထားသော MYANMAR SHINSUNG TONGSANG INT'L CO.,LTD အတွက် သတင်း မမှန်ကန်ပါကြောင်းတင်ပြခြင်း။

အထက်ပါအကြောင်းအရာနှင့် ပတ်သက်ပြီး အမှတ်(၃၆၅)၊ ဒေါ်ဖွားရှင်လမ်း၊ ရွှေလင်ပန်းစက်မှုဇုံ၊ လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းအတွင်းရှိ MYANMAR SHINSUNG TONGSANG INT'L CO.,LTD မှာ လူဦးရေ ၁၅၀၀ ကျော်နှင့်အေးဆေးတည်ငြိမ်စွာ အလုပ်လုပ်ကိုင်နေသော စက်ရုံတစ်ရုံ ဖြစ်ပါသည်။

၁။ လက်ရှိအလုပ်သမားလူဦးရေ ကျား(၁၁၀) ၊ မ ( ၁၄၀၀ ) ၊ ပေါင်း ( ၁၅၀၀) ကျော်နှင့် လည်ပတ်လျှက်ရှိပြီး အလုပ်သမားအဖွဲ့ အစည်း (WCC) ကို အလုပ်ရှင်(၃) ဦး ၊ အလုပ်သမား(၃) ဦး ၊ စုစုပေါင်း (၆) ဦးတို့ ဖြင့်

(၂၄.၁.၂၀၂၃) ရက်နေ့ တွင်ဖွဲ့ စည်းထားခြင်းဖြစ်ပါသည်။

၂။ ပုံမှန်အလုပ်ချိန်မှာ နံနက် (၇း၃၀) မှ ညနေ(၄း၀၀) ထိ ဖြစ်ပြီး၊ အချိန်ပို (၂) နာရီရှိပါသည်။ အလုပ်သမားများကို အလုပ်တက်ချိန်(၇း၃၀) ဘဲလ်တီးပြီးမှ အလုပ်ကိုစတင်လုပ်ကိုင်စေပါသည်။

၃။ တစ်နာရီ ချုပ်လုပ်ရမည့် TARGET မှာ ချုပ်လုပ်ရသည့်အထည်ပုံစံ(STYLE) ပေါ်မူတည်ပြီး အထည်ကိုသတ်မှတ် ပေးရတာခြင်းဖြစ်ပါသည်။ ရိုးရှင်းစွာချုပ်လုပ်ရန် အရမ်းလွယ်ကူနေသော စတိုင်မျိုးဖြစ်ပါက တစ်နာရီမှ(၁၀၀/၁၅၀) ချုပ်လုပ်ပေးရပါသည် ၊ ချုပ်လုပ်ရန်ခက်ခဲသောစတိုင်မျိုး ဖြစ်ပါက တစ်နာရီ (၅၀/၆၀) သက်မှတ်ပေးထားပါသည်။ warning ပေးရာတွင်လည်း ဝန်ထမ်းများဘက်မှ အထည်များကို ပျက်စီးစေခြင်း/ အထည်ထုတ်လုပ်မှုကို နှောင့်နှေးအောင် ဆောင်ရွက်မှသာလျှင် နှုတ်ဖြင့် "ပထမအကြိမ် သတိပေးခြင်းဖြစ်ပြီး ၊ ၄င်းဝန်ထမ်းက ဆက်လက်အများကိုပြု လုပ်နေဆဲဖြစ်မှသာ warning letter ဖြင့် သတိပေးရခြင်းဖြစ်ပါသည်။

၄။ မျှတစွာ သတ်မှတ်ပေးထားသည့် TARGET ပြည့်မှီပြီး အထည်ပိုချုပ်လုပ်ပေးနိုင်ပါက (၂) ပတ် တစ်ခါ TARGET ကျော်သည့် အထည်အရေအတွက်အလိုက် အထည်ပိုကြေး ပိုက်ဆံ ကို အတိအကျ ရှင်းပြပေးထားပါသည်။ ပိုက်ဆံမပေးမှီ ကြိုတင်၍ အထည်ပိုအရေအတွက် ၊အထည်တစ်ထည်၏ ချုပ်ခများကိုပါ ပွင့်လင်းမြင်သာစွာ ဝန်ထမ်းများကိုချပြပေးပြီးမှသာ အထည်ပိုကြေးကို ရှင်းပေးထားခြင်းဖြစ်ပါသည်။

၅။ လစဉ်လတိုင်း ဝန်ထမ်းများမှစုပေါင်းပြီး " အလင်းရောင်ဓမ္မရိပ်သာကျောင်းတိုက်" နှင့် 'စံမေတ္တာကျောင်းတိုက်" များသို့ လှူဒါန်းရန်အတွက် ဝန်ထမ်းများမှ"သဒ္ဓါသ၍" ပါဝင်လှူဒါန်းကြခြင်းသာ ဖြစ်ပါသည်။ ဤသို့ လှူဒါန်းမှုများကို ဝန်ထမ်းများအားလုံးသိရှိစေရန် အတွက် လှူဒါန်းရရှိလာသည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အများမြင်သာစေသော နေရာတွင် ကပ်ပေးထားပါ သည်။

၆။ ဒေးကြေး (၆၀၀၀)ကျပ် တစ်နာရီအိုတီကြေးမှာ (၁၆၃၆)ကျပ်သည် ဥပဒေနှင့်အညီ တွက်ချက်ပေးထားခြင်းသာ ဖြစ်ပါသည်။ လစာပေးရာတွင်လည်း လစာပေးစလစ်ပေါ်တွင် ဝန်ထမ်းများ ပွင့်လင်းမြင်သာ နားလည်စေရန် မြန်မာလို သေချာစွာရေးပေးထားပြီး လစာအစွန်းထွက် ငွေများကိုလည်း လိုင်းအပိုင် စာရေးမနှင့် ခေါင်းဆောင်များမှ တစ်ဆင့် အတိအကျ ထည့်ပေးထားခြင်းဖြစ်ပါသည်။

၇။ ဝန်ထမ်းများ ခွင့်ခံစားမှုများ ကိုလည်း အပြည့်အဝ ပေးထားပါသည်။ ရှောင်တစ်ခင်ခွင့်မှာ လုပ်သက်(၂)လ ပြည့်ပြီဝန်ထမ်းတိုင်း အကြောင်းပြချက်နိုင်လုံမှုဖြင့် ခွင့်တိုင်ကြားပါက ရှောင်တခွင်ခံစားခွင့်(၁)ရက်ပေးထားပါသည်။ အကြောင်းမဲ့ ပျက်ကွက်ခဲ့ပါက အလုပ်တစ်ရက်ပျက်လျှင် ၎င်းဝန်ထမ်းရရှိတဲ့ ဒေးကြေးအိုတီကြေး၊ ရက်မှန်ကြေး၊ များကို သတ်မှတ်ချက်အရ ဖြတ်တောက်ခံရပါသည်။။ ၎င်းဝန်ထမ်းမှ (၃) ရက်ဆက်တိုက် အကြောင်းမဲ့ ခွင့်တိုင်ကြားခြင်း မရှိပါက ပျက်ကွက်ဖြစ်ခဲ့လျှင် ဒေးကြေး၊အိုတီကြေး၊ရက်မှတ်ကြေး အားလုံး ဖြတ်တောက်ခံရပါမည်။ ဝန်ထမ်းတစ်ဦးနှင့်တစ်ဦးက ကျွမ်းကျင်းမှု ပေါ်မူတည်၍ ရရှိထားတဲ့ဒေးကြေး အလိုက် ဖြတ်တောက်ခံရခြင်းသာ ဖြစ်ပါသည်။ ဖြတ်တောက်ငွေ အားလုံးကိုလည်း လစာပေးစလစ်တွင် တိတိကျကျ ရှင်းလင်းစွာ ဖော်ပြပေးထားပါသည်။

၈။ ဆေးပေးခန်းထားရှိပေးပြီး ဆေးဝါးအစုံအလင်ဖြင့် ဆရာမ (Nurse)ပါ ထားပေးထားပါသည်။ ဝန်ထမ်းများ၏ ဖြစ်လာသည့် ကျန်းမာရေးအခြေအနေပေါ်မူတည်၍ လိုအပ်သည့် ဆေးများကိုလည်း ဆရာမမှ သေသေချာချာ စစ်ဆေးပြီး ဆေးများကိုလည်း အလုံအလောက်ထားရှိပေးထားပြီး ကုသပေးထားလျက်ရှိပါသည်။

၉။ စက်ရုံတွင် သန့်ရှင်းရေးဝန်ထမ်း (၁၇) ဦး ထားရှိထားပါသည် ၊ ၎င်း (၁၇) ဦးကို ဌာနအလိုက် ခွဲချပေးပြီး

တာဝန်ပေးထားပါသည်။

၁၀။ လုပ်ငန်းခွင်အတွင်း စိတ်ပိုင်းဆိုင်ရာ နှောက်ယှက်ခြင်း/စော်ကားခံရခြင်းရှိလာပါကလည်း တိုင်းကြားနိုင်ရန်

အတွက် "အကြံပြုစာပုံး" များထားရှိပေးထားပါသည်။

ဥပဒေနဲ့အညီဆောင်ရွက်လုပ်ကိုင်နေသော စက်ရုံတစ်ရုံဖြစ်ကြောင်းလည်း တရားဝင်အဖွဲ့အစည်းအားလုံးမှ အသိအမှတ်ပြုခံထားရသော အထည်ချုပ်စက်ရုံ တစ်ရုံလည်းဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အထောက်အထားမရှိ အခြေအမြစ်မရှိ သတင်းမမှန်မကန် တင်ခြင်းသားဖြစ်ကြောင်း စက်ရုံ ဂုဏ်သိက္ခာများစွာ ကျဆင်းစေခဲ့ပါသောကြောင့်.အေးစေးတည်ငြိမ်ပြီး အလုပ်သမားများ လုပ်ကိုင်နေခြင်းကို

အနှောက်အယှက်ဖြစ်စေသောကြောင့်. များစွာစိတ်မကောင်းဖြစ်ရပါကြောင်း ကိုတင်ပြအပ်ပါသည်။

တရားဝင် အဖွဲ့အစည်း အားလုံးမှလည်း လာရောက်လက်တွေ့စစ်ဆေး ပြီးစီးသွားပါကြောင်း မမှန်မကန် ဥပဒေနှင့်မညီမှုများ ဘာတစ်ခုမှဆောင်ရွက်ထားခြင်းမရှိပါကြောင်း ဥပဒေနဲ့အညီအားလုံးဆောင်ရွက်နေပါကြောင်း

15.7.2023 နေ့တွင် တရားဝင် အဖွဲ့အစည်း အားလုံးမှ စုပေါင်းပြီး အလုပ်သမားများနှင်. တိုက်ရိုက် ဆွေးနွေး မေးမြန်းမှုများ နှင့် တိုက်ရိုက် စစ်ဆေးသွားပါကြောင်း မမှန်မကန်သတင်း တင်ခြင်းသာဖြစ်ကြောင်း လေးစားစွာဖြင့် တင်ပါအပ်ပါသည်။

Shinsung Tong Sang Int'L CO, Ltd အလုပ်ချုပ်ကော်မတီသို့ အလုပ်ရှင်နှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ လှိုင်သာယာမြို့နယ်ရုံးမှ ၁၅.၇.၂၀၂၃ ရက်နေ့တွင် Myanmar Labour News Page တွင် တင်ထားသည့် ဖော်ပြပါအချက်များနှင့်ပတ်သက်၍ သွားရောက်စစ်ဆေးရာ Page တွင် ဖော်ပြချက်များနှင့် မြေပြင်အခြေအနေ ကွဲလွဲနေကြောင်း စစ်ဆေးတွေ့ရှိရပြီး မိမိတို့ဦးစီးဌာနမှလည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ စက်ရုံကို ကူညီ၍ အလုပ်သမားဥပဒေနှင့်အညီ အကျိုးပျက်ဆောင်ရွက်ခဲ့ခြင်း မရှိပါကြောင်း ထောက်ခံအပ်ပါသည်။

၉.၁၀.၂၀၂၃

(ဝင်းသူ၊ ဦးစီးအရာရှိ)
အလုပ်ရုံစစ်ဆေးရေး

(ကြည်လင်၊ ဦးစီးအရာရှိ)
အလုပ်သမားဥပဒေစစ်ဆေးရေး